နောက်ဆက်တွဲ (က)

**အေးငြိမ်းစနေကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ မံကပ်ကျေးရွာအုပ်စု အတွင်းရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက်အမှတ်(SBM–314) တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့်သက်တမ်းတိုးခြင်း လုပ်ငန်းစီမံကိန်းအကြောင်းအရာ**

၁။ အေးငြိမ်းစနေကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ မံကပ်ကျေးရွာ အုပ်စုအတွင်းရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက်အမှတ်(SBM–314) တွင် အကောင် အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခွင့် သက်တမ်းတိုးခြင်းအတွက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၅-၅-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၆၅၂/ရွှေဖက်စပ်(အေးငြိမ်းစနေ) /၂၀ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate -ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ရင်ရင်၊ မန်နေးဂျင်းဒါရိုက်တာ၊ အေးငြိမ်းစနေကုမ္ပဏီလီမိတက်၊ အမှတ် (၁၀/ဘီ)၊ (၇) ရပ်ကွက်၊ ပြည်တော်အေးရိပ်သာလမ်း၊ ရန်းကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉၄၃၁၈၃၄၅၀ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** မြေအောက်တူးဖော်ထုတ်လုပ်မှုနည်းစဉ်ကို အသုံးပြု၍ တူးဖော်မည်ဖြစ်ပြီး ရွှေပါသတ္တုရိုင်းများကို မြေပြင်ပေါ်သို့ ထုတ်ယူခြင်း၊ ရွှေပါဝင်မှုများသော သတ္တုရိုင်းများကို ရွေးချယ်ခြင်း၊ အဆင့်ဆင့်ကြိတ်ခွဲခြင်းနှင့် သန့်စင်ခြင်းတို့ ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ကုန်ကြမ်းပစ္စည်းအသုံးပြုမှုအနေဖြင့် စနက်တံ (၁,၈၀၀) ခု၊ အနေးယမ်းကြိုး (၅၀၀) မီတာခန့်၊ အမြန်ယမ်းကြိုး (၅,၀၀၀) မီတာခန့်၊ အင်ဂျင်ဝိုင်ဆီနှင့် ဟိုက် ဒရောလစ်ဆီ (၃၀၀) ဂါလန်၊ ဒီဇယ် (၈,၂၈၀) ဂါလန်နှင့် ရေအသုံးပြုမှုအနေဖြင့် လုပ်ကွက်အတွင်းတွင် တူးဖော်ထားသောရေတွင်းများမှ မြေအောက်ရေတို့ကို အသုံးပြုဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ မံကပ်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။

